ပါရမီစကားဝိုင်း
#14-02, Sakura Tower, Sule Pagoda Road, Yangon, Myanmar. Tel : (951) 255104, 255106, 255450
Fax: (951) 255109 | Web: www.aec.com.mm | Email: yinmin@parami.biz

# ပါရမီစကားဝိုင်းအဖွဲ့၏
# (၂၃)ကြိမ်မြောက်အေအီးစီအလုပ်ရုံဆွေးနွေးပွဲ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့။ ၂၀၁၇ ခုနှစ် ဧပြီလ ၄ ရက်

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၏ မေတ္တာရပ်ခံချက်အရ ပါရမီစကားဝိုင်းအဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြေးများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအသီးသီးမှ အကြီးအကဲများအတွက် အာဆီယံစီးပွားရေးအသိုက်အဝန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အမှတ်(၂၃)ကို ပုသိမ်မြို့ရှိ ပုသိမ်ဟိုတယ်မင်္ဂလာခန်းမတွင် ၂၀၁၇–ခုနှစ်၊ ဧပြီလ(၄)ရက်နေ့ နေ့လည် (၂း၀၀)နာရီက ကျင်းပခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ အစိုးရအဖွဲ့ဝင်(၅)ဦး၊ လွှတ်တော်ကိုယ်စားလှယ်(၅)ဦး၊ ဌာနဆိုင်ရာအကြီးအကဲ(၆၀)ဦးနှင့် သတင်းမီဒီယာမှ(၅)ဦး စုစုပေါင်း(၇၅)ဦးခန့် တက်ရောက်ခဲ့ကြပြီး တက်ကြွစွာပါဝင်ဆွေးနွေးခဲ့ကြပါသည်။

အစီအစဉ်အရ ဧရာဝတီတိုင်းဒေသကြီး၊ ဝန်ကြီးချုပ်ကိုယ်စား တိုင်းဒေသကြီးဝန်ကြီး ဦးဝင်းငွေးမှ မြန်မာနိုင်ငံသည် အာဆီယံအသင်းဝင်နိုင်ငံတစ်ခုဖြစ်သည့်အားလျော်စွာ အေအီးစီနှင့် အာဆီယံအကြောင်းများကို ကောင်းစွာနားလည်သဘောပေါက်ထားရန် အရေးကြီးပါကြောင်း၊ အထူးသဖြင့် တိုင်းဒေသကြီးအဆင့်တွင် ပေါ်လစီမူဝါဒများကို ချမှတ်အကောင်အထည်ဖော်နေရသော မိမိတို့အနေဖြင့် အတွင်းကျကျ သိရှိနားလည်ထားရန် ပိုမိုအရေးကြီးပါကြောင်းနှင့် ယခုကဲ့သို့ ရန်ကုန်မြို့မှ တကူးတကလာရောက်ပြီး မိမိတို့၏နား၊ မျက်စိများကိုဖွင့်ပေးမည့် ပါရမီစကားဝိုင်းအဖွဲ့ဝင်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် အဖွင့်အမှာစကားပြောကြားသွားပါသည်။ ဆက်လက်ပြီး ပါရမီစကားဝိုင်းအဖွဲ့မှ ဦးတင်ချိုက ပါရမီစကားဝိုင်းအဖွဲ့ပေါ်ပေါက်လာပုံ၊ လုပ်ဆောင်ခဲ့သော ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် ယခုဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၏ မေတ္တာရပ်ခံချက်အရ ပုသိမ်သို့လာရောက်ပြီး အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်းဖြစ်ကြောင်းတိုကို တင်ပြသွားပါသည်။

အစီအစဉ်အရ စီးပွားရေးပညာရှင် ဒေါက်တာမျိုးသန့်က အေအီးစီအတွက် အဘယ့်ကြောင့် စိတ်အားတက်ကြွနေရသလဲခေါင်းစဉ်ဖြင့် တင်ပြရာတွင်၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုသည် နိုင်ငံရေးအရသော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း၊ လူမှုဝန်းကျင်အရသော်လည်းကောင်း များစွာအရေးပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအပါအဝင် အခြားသောဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ပေါင်း (၇)ခုတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ထားပြီးဖြစ်ရာ ထိုအဖွဲ့အားလုံးနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမှ မိမိတို့နိုင်ငံအကျိုးစီးပွားအမြင့်ဆုံးရရှိစေရန် ရည်ရွယ်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ဖြစ်ပေါ်လာနိုင်သည့်အခွင့်အရေးများ၊ စိန်ခေါ်မှုများအားလုံးကို ပုဂ္ဂလိကကဏ္ဍအနေဖြင့် ကောင်းစွာသိရှိပြီး ပြင်ဆင်ထားနိုင်ရန်လိုအပ်

ကြောင်း၊ ဝန်ကြီးဌာနများအချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း စသဖြင့် အရေးပါသော အချက်များကို မးမောင်းထိုးပြသွားပါသည်။

ပရိတ်သတ်များက မေးမြန်းသောမေးခွန်းများကို ပြန်လည်ဖြေဆိုပြီးနောက် အလုပ်ရုံဆွေးနွေးပွဲကို ကော်ဖီသောက်ရန်ခေတ္တရပ်နားပြီး မှတ်တမ်းတင်ဓါတ်ပုံရိုက်ကြပါသည်။

ဆက်လက်ပြီး ပါရမီစွမ်းအင်မှ အကြီးတန်းအကြံပေး ဒေါ်တင်တင်ထွေးက ASEAN Economic Community ခေါင်းစဉ်ဖြင့် အာဆီယံဖြစ်ပေါ်လာပုံ၊ AEC သဘောတူညီချက်အဆင့်ဆင့်များ၊ တစ်ခုတည်းသော ဈေးကွက်စနစ်၊ ကုန်စည်၊ ဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ငွေကြေးအရင်းအနှီးများ၊ ကျွမ်းကျင်သော လုပ်သားများလွတ်လပ်စွာရွှေ့ပြောင်းသွားလာနိုင်ခွင့်များ၊ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသော စီးပွားရေးဒေသကြီး၊ ဘက်ညီတိုးတက်သောဒေသဖြစ်ပေါ်လာရေး စသဖြင့် စုံလင်စွာ ဆွေးနွေးတင်ပြသွားပါသည်။ ဆက်လက်ပြီး မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်က သယ်ယူပို့ဆောင်ရေးနှင့် ကုန်စည်ဖြည့်တင်းပို့ဆောင်ရေးအရေးကြီးပုံ၊ သယ်ယူပို့ဆောင်ရေးမရှိလျှင် ကုန်သွယ်မမရှိနိုင်ကြောင်းဖြင့် စတင်ဆွေးနွေးပြီး၊ မြန်မာနိုင်ငံအတွင်းရှိကားများ၊ လမ်းများ၊ ကုန်စည်များချောမွေ့လျင်မြန်စွာ လည်ပတ်နိုင်ရေးအတွက် လမ်းဖောက်ရမည့်နည်းလမ်းများ၊ တောင်ကိုတွေ့လျှင်ဖောက်၊ ချောက်ကိုတွေ့လျှင် တံတားထိုးစသဖြင့် ခေတ်မီလမ်းဖောက်လုပ်ရေးနည်းစနစ်များက အသေးစိတ်တင်ပြဆွေးနွေးသွားပါသည်။ ဆက်လက်ပြီး ပါရမီစွမ်းအင်မှ အကြီးတန်းအကြံပေးဦးတင်ချိုက ၂၀၀၅ခုနှစ်အလွန် အေအီးစီခေါင်းစဉ်ဖြင့် ၂၀၀၅–ခုနှစ်၊ ဒီဇင်ဘာလ(၃၁)ရက်နေ့မှစပြီး အေအီးစီကို စတင်အကောင်အထည်ဖော်ပြီးနောက်ပိုင်းတွင် မြန်မာနိုင်ငံအနေဖြင့် လုပ်ဆောင်သင့်သည့်လုပ်ငန်းများအကြောင်းစုံကို ကျယ်ကျယ်ပြန့်ပြန့်တင်ပြသွားပါသည်။

တက်ရောက်လာသူများက မေးမြန်းသောမေးခွန်းများကို ပညာရှင်အသီးသီးက ပြန်လည်ဖြေကြားပါသည်။ ထို့နောက် ဝန်ကြီးဦးဝင်းငွေးက အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများနှင့် ပါရမီစကားဝိုင်းအဖွဲ့အား ကျေးဇူးတင်စကားပြန်လည်ပြောကြား ပြီး အလုပ်ရုံဆွေးနွေးပွဲကို ညနေ(၅း၃၀)နာရီတွင် အောင်မြင်စွာ နိဂုံးချုပ်လိုက်ပါသည်။